ကိုးရှင်းကျွန်း ကျေးရွာ

မုံရွာမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (၂၀၁၈ – ၂၀၂၂)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ကိုးရှင်းကျွန်းကျေးရွာ မုံရွာမြို့နယ်

(စိုပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၈ ခုနှစ်၊ စက်တင်ဘာ လ

မာတိကာ

မာတိကာ ၁

စကားချီး ၃

ကိုးရှင်းကျွန်းကျေးရွာသယံဇာတပြန်လည်ပြုပြင်ခြင်းဒီဇိုင်း၊ မုံရွာမြို့နယ် ၅

(၁)နိဒါန်း ၆

(၁.၁) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်

(၁.၂) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

(၂) ကျေးရွာ၏ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၈

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

(၃) ကျေးရွာ၏လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၈

(က) လူဦးရေဆိုင်ရာ အချက်လက်များ

(ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေးနှင့် အာဟာရ

(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ

(စ) ကျားမဆိုင်ရာဆက်နွယ်မှု

(၄) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ ၁၀

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု – လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

(၅) ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့် အခြေအနေများ၊

အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၃
(က) ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ
(ခ) အဟန့်အတားနှင့် စိန်ခေါ်မှု
(ဖ) ဦးစားပေးဆောင်ရွက်ရမည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ၁၄
- ဦးစားပေးစီမံချက်များ
- အကောင်အထည်ဖော်မည့်နှစ်အလိုက်ဦးစားပေးစီမံချက်များ
နောက်ဆက်တွဲ
ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား ၁၆
စီမံချက်အဆိုပြုလွှာ ၂၀
ကော်မတီဝင်များစာရင်း(သို့)စီမံချက်အကြောင်းအရာ ၂၂

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၈ ခုနှစ် (၆) လ ဘဏ္ဍာရေးနှစ်မှ ၂၀၂၁-၂၀၂၂ ခု ဘဏ္ဍာရေးနှစ်အထိ (၅)နှစ်တာကာလအတွင်း အကောင်အထည်ဖော်ဆောင်ရွက်မည့် စီမံချက်ဖြစ်ပြီး ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော ကျေးရွာသူကျေးရွာသားများ ပါဝင်ရေးဆွဲထားသည့် ကျေးရွာ ဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အား အထူးကျေးဇူးတင်ရှိပါသည်။ စီမံချက်များအတွက် အဖက်ဖက်မှ ဝိုင်းဝန်းကူညီ ပံ့ပိုးပေးပါသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ရာအိမ်မှူးများ၊ ဆယ်အိမ်မှူးများနှင့် သက်ဆိုင်ရာဝန်ထမ်းများ ကိုလည်း အထူး ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် လူမှုရေးအဖွဲ့အစည်များ၊ အရပ်ဖက်အဖွဲ့အစည်းများနှင့် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများ၊ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့သော်လည်း လူထုအင်အား စနစ်တကျပူးပေါင်းပါဝင် ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိရှိခဲ့ကြပါ။ ကျေးရွာသူကျေးရွာသားများ စနစ်တကျ ပူးပေါင်းပါဝင် ဆောင်ရွက်နည်းများကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်းလုပ်ဆောင်သည့် အလေ့အကျင့်ကောင်း တစ်ခုကို ရရှိနိုင်အောင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူ အဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ယခုစီမံကိန်းမှ လုပ်ငန်းစဉ်များကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုများကို သိရှိနားလည်လာရုံသာမက အခြားဌာနဆိုင်ရာများနှင့် အုပ်ချုပ်ရေးမှူးရုံးကဲ့သို့ အဖွဲ့အစည်းများမှ ကိန်းဂဏန်းအချက်အလက်များ ရရှိနိုင်သော နေရာများမှလည်း ကောက်ယူနိုင်ခဲ့ကြပါသည်။ ထို့ပြင် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး စသည်တို့နှင့် သက်ဆိုင်သည့် ကိန်းဂဏန်းအချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ သွားရောက်ရယူရန် လိုအပ်ကြောင်းကိုလည်း သိရှိနားလည်ခဲ့ပါသည်။

ယခုရေးဆွဲထားသော စီမံချက်သည် ပြီးပြည့်စုံသည်ဟု မဆိုနိုင်ပါ။ ဘက်ပေါင်းစုံမှ ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များကို ထပ်မံဖြည့်စေးနိုင်မည်ဆိုပါက ပိုမိုကောင်းမွန်လာမည်

ဖြစ်ပါသည်။ ဤလုပ်ငန်းများသည် ဆက်လက်လုပ်ဆောင်ရမည် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုအား နှစ်အလိုက် ပေါ်ပေါက်လာသည့် အခက်အခဲများပေါ်မူတည်၍ ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှု များကို ဆက်လက်လုပ်ဆောင်သွားရမည်ဖြစ်ပါသည်။


ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ရာအိမ်မှူးများနှင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည် ဖြစ်ပါကြောင်း ယုံကြည်ပါသည်။


ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ် တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာ ရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏အသေးစိတ် အချက်အလက်များ ပါဝင်ပါသည်။

စက်တင်ဘာလ၊ ၂၀၁၈

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
ကိုးရှင်းကျွန်းကျေးရွာ
မုံရွာမြို့နယ်

ကိုးရှင်းကျွန်းကျေးရွာသယံဇာတပြမြေပုံနှင့် ရာသီခွင်ပြပြကွဒိန်၊ မုံရွာမြို့နယ်




ကိုးရှင်းကြယ်ကျေးရွာ၏ ရာသီဥတုခြင်း ပြက္ခဒိန်
ရက်စွဲ ၊၁၆.၅.၂၀၁၈

အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာ နှင့် လုပ်ငန်းအစီအစဉ်

၁ နိဒါန်း

၁.၁ ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်ထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသောကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင်တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရေးအတွေ့အကြုံမရှိခဲ့ပါ။ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာ၏ဖွံ့ဖြိုးရေး ဆိုင်ရာကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကို အလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများ စသည်တို့ထံမှ လိုအပ်သော ကိန်းဂဏန်း၊ သတင်းအချက်အလက်များ ရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်း အကောင်ထည်ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုး ဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလ အပြီးတွင် ရရှိအောင် ဆောင်ရွက်လိုသည့် ရည်မှန်းချက် များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ကျေးရွာ အနေနှင့်ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များ ကို ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများ လုပ်ဆောင်ရန် လိုအပ်သော အရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သောအစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်း များ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့်ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက် သူမှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏အသုံးဝင်မှုများကိုသိရှိ စေရန်မျှော်လင့်ပါသည်။

နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက် မူဝါဒနှင့် ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကိုမြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအားတင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက် ဆောင်ရွက် လာနိုင်မည်ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ်လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေး ဆိုင်ရာ လိုအပ်ချက်များအတွက် သတင်းအချက်အလက်များပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ကျေးရွာ နှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ် သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေးရပ်တည်မှုပေးသည့် အဖွဲ့အစည်းများ အနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက် များကိုရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ ငွေကြေးဆိုင်ရာ အဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက် မှုပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကိုမြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်း စီစဉ်မှုများ ပြုလာနိုင်ပါမည်။

၁.၂ စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျန်ပ်တို့ကိုယ်တိုင် တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့်အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့်အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများ ချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲကျယ်ပြန့်သည့် ဖွံ့ဖြိုးရေး အမြင်ဖြင့် ရေးဆွဲထားပါ သည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင်ရှင်းလင်းမှု ရစေကာဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ဖွံ့ဖြိုးမှုကို တိတိ ကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုအကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင်အထည် ဖော်ရာတွင် ကျွန်ပ်တို့ ကျေးရွာ ဖွံ့ဖြိုးရေးလိုအပ်ချက်များအားအများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်း နိုင်မည့်စီမံကိန်းများကို ဦးစားပေးရွေးချယ် ဆောင်ရွက်ပါမည်။ ကျွန်ပ်တို့၏စွမ်းရည်နှင့် လိုအပ်သော အရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုးဖြစ်ပါသည်။

၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

(က)တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

ကိုးရှင်းကျွန်းကျေးရွာသည် စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ မုံရွာမြို့နယ်၏ အနောက် တောင်ဘက် ၄ မိုင် ခန့်အကွာတွင် တည်ရှိသည်။ ကျေးရွာသည် ချင်းတွင်းမြစ်ဘေးတွင် တည်ရှိပြီး စိုက်ပျိုးရေးလုပ်ငန်းကို အဓိကလုပ်ကိုင်ကြသည်။ လမ်းပန်းဆက်သွယ်ရေးတွင် ကားလမ်းကိုသာ အသုံးပြုကြသည်။ တစ်နှစ်ပျှမ်းမျှ မိုးရေချိန်မှာ လက်မ ၄၀ မှ ၆၀ ကြား ရွာသွန်း လေ့ရှိသဖြင့် စိုက်ပျိုးရေးလုပ်ငန်းအတွက် သင့်တော်သော အခြေအနေ ဖြစ်သည်။ ရေဝင်နေရာဖြစ်သည့်အတွက် ချင်းတွင်းမြစ်ရေတတ်ချိန်တွင် စိုက်ပျိုးသည့် ယာခင်းများတွင် ရေဝင်၍ ရေကျချိန်တွင်နှုံးများကျန်ခဲ့ကာ စိုက်ပျိုးရန်အတွက် သဘာဝမြေဩဇာများရရှိပါသည်။

(ခ) သဘာဝအရင်းအမြစ်

လယ်မြေနှင့် တောင်ယာမြေအသင့်အတင့်ရှိကြပြီး မြေဆီဩဇာကောင်းမွန်ပါသည်။ ကျေးရွာတွင် နှစ်စဉ်ချင်းတွင်းမြစ်ရေ ဝင်ရောက်၍ အစိုဓာတ်ရရှိကာ မြေဆီဩဇာကောင်းမွန်ခြင်းနှင့် ယာခင်းထဲရှိ အဝိစိတွင်းများမှ ရေသွင်းလျက် စိုက်ခင်းထဲတွင် စိုက်ပျိုးပါသည်။

၃။ ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

(က)လူဦးရေဆိုင်ရာအချက်အလက်များ

ကိုးရှင်းကျွန်းကျေးရွာတွင် အိမ်ထောင်စုပေါင်း (၁၂၄)စု နှင့် ကျား(၂၃၅)၊ မ(၂၆၉)ဦးဖြင့် လူဦးရေ ပေါင်း(၅၀၄)ဦး ရှိပါသည်။တစ်အိမ်ထောင်ရှိ ပျမ်းမျှလူဦးရေသည် (၄)ဦးနှုန်းခန့် ရှိသည်။ ကျေးရွာတွင် ဗမာအများစုနေထိုင်ကြပြီး ဗုဒ္ဓဘာသာ ကိုးကွယ်ကြသည်။ ကျေးရွာတွင် စုစုပေါင်း လူဦးရေ၏(၈၀%)သည် အလုပ်လုပ်နိုင်သော လူဦးရေဖြစ်ပြီး၊ မှီခိုသူလူဦးရေသည် (၂၀%) ရှိပါ သည်။ အလုပ်လုပ်နိုင်သော အရွယ်ရှိ အမျိုးသားဦးရေထက် အမျိုးသမီးဦးရေသည် အနည်းငယ်ခန့် ပိုများသည်။

(ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

စိုက်ပျိုးရေးလုပ်ငန်းသည် ကျေးရွာ၏အဓိကဝင်ငွေရလုပ်ငန်းဖြစ်ပါသည်။ ကျေးရွာသူ၊ ကျေးရွာသားများ၏ ကိုယ်တိုင်ဆန်းစစ် အကဲဖြတ်သော ဥစ္စာဓနခွဲခြားမှုနည်းလမ်းအရ ဆင်းရဲချမ်းသာအဆင့် သတ်မှတ်မှု တွင် အိမ်ထောင်စုအားလုံး၏ (၃၉%)သည် ဆင်းရဲသော အိမ်ထောင်စု အဆင့်နှင့် (၂၆%) သည် အလွန် ဆင်းရဲသောအိမ်ထောင်စု အဆင့်အဖြစ် ခံယူကြပြီး (၁၁%)သည် ချမ်းသာသည့်အဆင့်၊ (၂၄%) သည် အလယ်အလတ် အိမ်ထောင်စု အဆင့်ရှိကြသည်ဟု ခံယူ ကြသည်။

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

ကိုးရှင်းကျွန်းကျေးရွာသည် တောင်သူလုပ်ငန်းနားချိန်တွင် ဥယျာဉ်ခြံလုပ်ငန်းနှင့် လက်သမား၊ ပန်းရံလုပ်ငန်းများ၊ စက်မှုလက်မှုလုပ်ငန်းများ လုပ်ကိုင်နိုင်ခြင်းဖြင့် ဝမ်းစာဖူလုံမှုရှိပါသည်။

(ဃ) ကျန်းမာရေးနှင့် အာဟာရ

ကိုးရှင်းကျွန်းကျေးရွာတွင် ကျေးရွာသူ/သားအများစုသည် သာမန်အားဖြင့် ကျန်းမာရေး ကောင်းမွန်ကြပြီး အာဟာရပြည့်ဝမှု ရှိကြသည်။ ကလေးငယ်အများစုမှာလည်း ကျန်းမာရေး ကောင်းကြသည်။ သက်ကြီးရွယ်အိုများတွင် သွေးတိုးရောဂါနှင့် ဆီးချိုရောဂါ အဖြစ်များပါသည်။ ဝမ်းပျက် ဝမ်းလျော၊ သွေးလွန်တုတ်ကွေး၊ တီဘီရောဂါများလည်း ရံဖန်ရံခါ ဖြစ်ပွားမှုရှိပါသည်။ အမျိုးသမီး၊ လူငယ်လူရွယ်၊ သက်ကြီးပိုင်း တို့သည်လည်း တစ်ကိုယ်ရည် သန့်ရှင်းရေးနှင့် ကျန်းမာရေးအသိပညာများ အသင့်အတင့်ရှိကြသည်။ အများအားဖြင့် ကျေးရွာမှ လူများသည် မုံရွာမြို့၌ရှိသော မုံရွာပြည်သူ့ဆေးရုံ၊ ပုဂ္ဂလိကဆေးရုံနှင့် ဆေးခန်းများသို့ ကျန်းမာရေး စောင့်ရှောက် ခြင်းများ ရရှိပါသည်။

ကျေးရွာတွင် တွင်းတိမ်အဝီစိတွင်းများမှ ရေရရှိပြီး (၁)နှစ်ပတ်လုံး သောက်သုံးရေရယူခြင်း ဖြင့် ကျေးရွာတွင် သောက်သုံးရေဖူလုံကြောင်း တွေ့ရှိရပါသည်။

(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

ကျေးရွာ၏ပညာရေးအဆင့်အတန်းသည် အသင့်အတင့်ရှိပါသည်။ အလယ်တန်းအဆင့်ထိသာ တက်ရောက်မှုများကြောင်း တွေ့ရှိရပါသည်။ ရွာသူ/သားအများစုသည် အခြေခံအရေး၊ အဖတ်၊ အတွက်များ

ကိုသာ တက်မြောက်ကြသည်။ ကျေးရွာတွင် အထက်တန်းပညာရေးကို ကျေးရွာမှ ၁ မိုင်ခွဲကျော် ကွာဝေးသော နဂါးတွင်း၊ မအူ၊ ညောင်ပင်စောက် မုံရွာအထက်တန်းကျောင်းများသို့ တက်ရောက်သင်ကြားနိုင်သော်လည်း တက်ရောက်သူဦးရေ နည်းပါးပါသည်။

(စ) ကျား-မရေးရာ

ကိုးရှင်းကျွန်းကျေးရွာတွင် ကျားမဆိုင်ရာဆက်နွယ်မှုအနေအထားမှာ လွတ်လပ်မှုရှိသည်။ ကျားမဆိုင်ရာတာဝန်ယူမှု အပိုင်းတွင်လည်း ကျေးရွာလူမှုအဖွဲ့အစည်း၏စံနှုန်းများအရ ကောင်းစွာ သတ်မှတ်ထားကြသည်။ ကျေးရွာတွင် ကျားနှင့်မအကြား ပြင်းထန်သော အိမ်တွင်းအကြမ်း ဖက်မှုနှင့် ခွဲခြားဆက်ဆံခြင်း ကိစ္စများမတွေ့ရပါ။

ကျေးရွာတွင် ခေတ်နှင့်အညီ လိုက်လျောညီထွေစွာပြောင်းလဲနေထိုင်လျက်ရှိသော်လည်း ရှေးရိုးထုံးတမ်းဓလေ့များလည်း ရှိနေပါသေးသည်။ အများအားဖြင့် အမျိုးသားများက ဦးဆောင်လျက်ရှိသည်။ ကျေးရွာ၏ လူဦးရေဆိုင်ရာ အချက်အလက်များအရ အမျိုးသားအရေအတွက်သည် အမျိုးသမီးလူဦးရေထက် အနည်းငယ်နည်းကြောင်းတွေ့ရသည်။ သာမန်အားဖြင့် ပညာရေးနှင့် အခြားနယ်ပယ်များတွင် အခွင့်အရေးတူညီစွာရရှိသည်ဟု ယေဘုယျပြောနိုင်ပါသည်။ ကျေးရွာတွင် နေ့ထွက်လုပ်အားခငွေများမှာ အမျိုးသားများက ပိုမိုရကြသည်။ အုပ်ချုပ်ရေး အဖွဲ့အစည်းများတွင်မူ အမျိုးသမီးပါဝင်မှုမှာ အသင့်အတင့်ရှိသည်။ ကျား - မ တန်းတူ ညီမျှမှုနှင့် ပါတ်သက်၍ အသိပညာ ပေးခြင်းများ မြင့်တင်ဆောင်ရွက်ပေးခြင်းဖြင့် ကျား-မ တန်းတူညီမျှမှု၊ ဖွံ့ဖြိုးမှုတို့အတွက် ပိုမိုအထောက် အပံ့ ဖြစ်လာနိုင်ပါသည်။

၄။ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

ကျေးရွာတွင် ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့ ဖွဲ့စည်းထားရှိပါသည်။ထိုအဖွဲ့သည် ကျားမ ဦးရေ တန်းတူပါဝင်၍ တက်ကြွစွာပါဝင်ဆောင်ရွက်ကြပါသည်။ ကျေးရွာတွင် ဝေယျာဝစ္စအဖွဲ့၊ ရပ်မိရပ်ဖအဖွဲ့၊ အရံမီးသတ်အဖွဲ့၊ ဂေါပကအဖွဲ့၊ မီးလင်းရေးကော်မတီ၊ လမ်းတံတားကော်မတီ၊ လူငယ်အဖွဲ့များ ရှိပါသည်။ ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများတွင် မိန်းကလေးများ ပါဝင်လုပ်ဆောင်မှု အသင့်အတင့်ရှိပါသည်။

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာတွင် ကုလားပဲအမျိုးမျိုးတို့နှင့် မြေပဲများကို အဓိကထား စိုက်ပျိုးကြပါသည်။ ယာစိုက်ဧက (၂၅၃) ဧက ဥယာဉ်ခြံမြေ (၅၀)ဧက၊ ကိုင်းကျွန်း (၃၅.၅) ဧက ရှိပါသည်။ ယာခင်း၏ ကုလားပဲတစ်ဧက ပျမ်းမျှအထွက်နှုန်းမှာ ရာသီဥတုကောင်းလျှင် (၁၀)တင်း ထွက်ရှိပြီး မြေပဲတစ်ဧက ပျမ်းမျှအထွက် နှုန်းမှာ (၁၂)တင်း ထွက်ရှိပါသည်။ တချို့အိမ်ထောင်စုများသည် ဥယာဉ်ခြံထဲတွင် မုန်လာထုပ်၊ ပန်း၊ မုန်လာပွင့် စသည့် ဆောင်းသီးနှံများ စိုက်ပျိုးကြပါသည်။

ကျေးရွာတွင် နွားမွေးသောအိမ်ထောင်စုအရေအတွက်မှာ (၂၀) အိမ်ထောင်စုရှိပြီး ဒေသနွား များကို မွေးမြူကြသည်။

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာတွင် စိုက်ပျိုးရေးကိုသာ အဓိကလုပ်ကိုင်ကြပါသည်။ ယာမြေများ အသင့်အတင့် ကောင်းမွန်၍ သီးနှံအထွက်နှုန်းအသင့်အတင့်ရှိကာ ကျေးရွာတွင်ဝမ်းစာ ဖူလုံကြပါသည်။ လက်သမား၊ ပန်းရံ လုပ်ကိုင်သူများ လည်းရှိသည်။

ကျေးရွာတွင် အလုပ်လုပ်နိုင်သောဦးရေမှာစုစုပေါင်းလူဦးရေ၏ထက်ဝက်ခန့်ရှိကာ ကျေးရွာ၏ အလား အလာ ကောင်းတစ်ရပ်ဖြစ်သည်။ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု သင်တန်း များဖြစ်သော အပ်ချုပ်စက်၊ ခြင်းရက်သင်တန်း၊ လူသုံးကုန်ထုတ်လုပ်နည်းသင်တန်း၊ အလှပြင် အခြေခံသင်တန်း၊ အခြေခံဝါးလက်မှုထည်၊ ပန်းရံလက်သမားလုပ်ငန်း[၃၀] ယာက္ကန်းရက်သင်တန်း များအား ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဖွင့်လှစ်သည့် သင်တန်းများအား တက်ရောက်နိုင်ပါသည်။ အသက်မွေးဝမ်း ကျောင်းသင်တန်းများ တက်ရောက်ခြင်းဖြင့် ကျေးရွာ၏ အလုပ်အကိုင်အခွင့်အလမ်းကို အထောက်အကူပြု စေမည်ဖြစ်ပါသည်။

(ဃ)သဘာဝပါတ်ဝန်းကျင်နှင့်သယံဇာတစီမံခန့်ခွဲမှု

ကိုးရှင်းကျွန်းကျေးရွာတွင် တောင်သူများသည် ခါတုပိုးသတ်ဆေးနှင့် ခါတုမြေဩဇာသုံးစွဲမှု နည်းပါး၍ သဘာဝမြေဩဇာဖြစ်သည့် နွားချေး၊ ငုံချေး၊ ကြက်ချေးတို့ကိုသာ အသုံးပြုကြသည်။ စွန့်ပစ်ပစ္စည်းစီမံ ခန့်ခွဲမှုတွင် ပလပ်စတစ် အိတ်ခွံ၊ ပုလင်းခွံ၊ ဗူးခွံများကို စနစ်တကျ စွန့်ပစ်သော်လည်း သဘာဝပတ်ဝန်းကျင် ဆိုင်ရာ အသိပညာပေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ပေးသင့်သည်။

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျေးရွာတွင် သမဘာဏ်နှင့် ပြင်ပချေးငွေအဖွဲ့အစည်းများ ကာလတိုချေးငွေများ ထုတ်ချေး ပေးပါသည်။ ကျေးရွာတွင် ဆွေမျိုးနှင့် ရင်းနှီးသူများထံတွင်လည်း အာမခံဖြင့် ချေးယူကြပါသည်။

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကိုးရှင်းကျွန်းကျေးရွာတွင် မူလတန်းကျောင်းတစ်ကျောင်း ရှိပါသည်။ အဆိုပါ ကျောင်းသည် ကျေးရွာအတွင်းသာ တည်ရှိသဖြင့် သွားရေးလာရေး အလွန်အဆင်ပြေပါသည်။ ကျေးရွာတွင် ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းတက်ကြပါသည်။ ကျေးရွာတွင် ကျောင်းသားများသည် မူလတန်းနှင့် အလယ်တန်းပညာကိုသာ ပြီးဆုံးအောင်သင်ကြားကြပြီး အထက်တန်း ပညာကို ဆက်လက်မတက်ရောက်ဘဲ ယာလုပ်ငန်းကို လုပ်ကိုင်ကြသူ အနည်းငယ်ရှိပါသည်။ တက္ကသိုလ် ဝင်တန်း အောင်မြင်ပြီးသူများလည်းရှိပါသည်။ တက္ကသိုလ်ကျောင်းဆက်တက်သော ကျောင်းသား အသင့်အတင့် ရှိပါသည်။

ကျေးရွာတွင် သွေးတိုးနှင့် ဆီးချို အနည်းငယ် ဖြစ်ကြပါသည်။ ကိုယ်ဝန်ဆောင်နှင့်ကလေး များအား ကာကွယ်ဆေးကို ကိုးရှင်းကျွန်းကျေးရွာအုပ်စု ကျေးလက်ကျန်းမာရေးဆရာမများမှ လာရောက်ထိုးပေးပါသည်။ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာသည်နှင့်အမျှ ကျေးရွာတွင် ရောဂါဖြစ်ပါက ဆေးကုသမှု ခံယူရန် မုံရွာမြို့ရှိ ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်ကုသကြပါသည်။ ရွာသူရွာသားများအတွက် ကျန်းမာရေးဝန်ဆောင်မှုများကို ကျေးရွာအုပ်စု ကျန်းမာရေးဌာန၊ မုံရွာမြို့နယ်ပြည်သူ့ဆေးရုံနှင့် ဆေးခန်းများမှ ရရှိပါသည်။

ကျေးရွာတွင် သောက်သုံးရေအတွက် အဝီစိတွင်း၊ တွင်းတိမ်များရှိသဖြင့် သောက်သုံးရေ ဖူလုံပါသည်။

(ဆ)လူငယ်နှင့် ယဉ်ကျေးမှု

ကိုးရှင်းကျွန်းကျေးရွာတွင် လူငယ်များအတွက် အပန်းဖြေအနားယူနိုင်မည့် အနေအထား သီးသန့် မရှိပေ။ ကျေးရွာတွင် ရိုးရာဓလေ့ဘုရားပွဲတော်များတွင် ကျေးရွာ လူငယ်များအားလုံးပါဝင် ဆင်နွှဲကြပါသည်။ စာပေနှင့် ယဉ်ကျေးမှုအပိုင်းတွင်လည်း လူငယ်များ ပါဝင်မှုအားကောင်းပါသည်။ သို့သော် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများတွင် လူငယ်များပါဝင်လုပ်ဆောင်မှု အတင့်အသင့်ရှိပါသည်။

(ဇ) အခြေခံ အဆောက်အဦ – လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

ကိုးရှင်းကျွန်းကျေးရွာ ရွာအဝင် ချောင်းကူးတံတား(၁၂၀'×၁၃'-၈"×၁၀') အား ယခုအခါ ၂၀၁၈ခု၊ ဘဏ္ဍာရေးနှစ်၊ ပထမ(၆)လပတ် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (VDP)ရန်ပုံငွေဖြင့် ကျေးရွာ ဖွံ့ဖြိုးရေး ကော်မတီများကိုယ်တိုင် လုပ်ဆောင်ကြပါသည်။

ကျေးရွာရှိ အိမ်ထောင်စုများသည် ဆိုလာပြားဖြင့် လျှပ်စစ်မီးသုံးစွဲခြင်းနှင့် တချို့အိမ်များတွင် ဓါတ်ခဲမီးဖြင့် အသုံးပြုကြပါသည်။ ကျေးရွာတွင် မဟာဓါတ်အားလိုင်း မရှိပါ။ မိုဘိုင်းဖုန်း ဆက်သွယ်ရေးကို စျေးကွက်နှင့် အခြားလူမှုဝန်ဆောင်မှုလုပ်ငန်းများအတွက် လက်လှမ်းမှီ အသုံးပြု နိုင်ကြသည်။ အင်တာနက် အသုံးပြုနိုင်မှုရှိပြီး အခြားသတင်းအချက်အလက်များအတွက် ချိတ်ဆက် အသုံးပြုနိုင်သည်။ ကျေးရွာရှိ အိမ်ထောင်စုတိုင်း တယ်လီဖုန်းများ ရှိခြင်းကြောင့် သတင်းဆက်သွယ် ရေးမှာ အလွန်ကောင်းမွန်ကြောင်း တွေ့ရှိရပါသည်။ မြို့နယ်ဌာနဆိုင်ရာများသို့ ဆက်သွယ်ရာတွင် အဓိကအားဖြင့် တယ်လီဖုန်း၊ ကျေးရွာ သူကြီး၊ ကျေးရွာစာရေး တို့မှတဆင့် ဆက်သွယ်ကြပါသည်။

ဆက်သွယ်ရေးအတွက် အမ်ပီတီ၊ အမ်အီးစီ၊ တယ်လီနော၊ အော်ဒီဒူး၊ ဖုန်းလိုင်းများကို အသုံးပြုကြပြီး အိမ်ထောင်စုတိုင်း တယ်လီဖုန်း သုံးစွဲလျှက်ရှိပါသည်။

(ဈ)တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွါးမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည် ကူးသန်း ရောင်းဝယ်မှုကို ချောမွေ့စေသည်။ မိုဘိုင်းတယ်လီဖုန်းဆက်သွယ်ရေးကို အသုံးပြုနိုင် ကြပြီးလိုအပ်သော သတင်းအရင်းအမြစ်များအတွက် လိုအပ်သလို ဆက်သွယ်သိရှိနိုင်သည်။ အာမခံ စနစ်ကို ချိတ်ဆက် အသုံးပြုနိုင်သော်လည်း ချိတ်ဆက်ဆောင်ရွက်ရန် လိုအပ်သည်ဟု မယူဆခြင်း၊ ဗဟုသုတမရှိခြင်းတို့ကြောင့် ချိတ်ဆက်ဆောင်ရွက်သူမရှိသလောက်ပင် ဖြစ်သည်။ ကျေးရွာတွင် သဘာဝဘေးအန္တရာယ် ကျရောက်လေ့ မရှိသဖြင့် သဘာဝဘေးအန္တရာယ် လျော့ပါးရေး အစီအစဉ် သီးသန့်ရေးဆွဲထားခြင်း မရှိပါ။ ကျေးရွာသား များသည် (၅)မိုင် ခန့်အကွာရှိ ညောင်ဖြူပင် ရဲစခန်းသို့ အလွယ်တကူ ချိတ်ဆက်နိုင်ပြီး ကျေးရွာတွင် ရာဇဝတ်မှုဖြစ်ပွါးခြင်း နည်းပါးသည်။

၅။ ဖွံ့ဖြိုးရေးအတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေကောင်းများ၊ အဟန့်အတားနှင့် စိန်ခေါ်မှုများ

(က) ဖွံ့ဖြိုးရေးအတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေများ

သဘာဝအရင်းအမြစ်များတွင် ယာမြေများသည် နှံးမြေများဖြစ်ပြီး မြေဆီဩဇာ ကောင်းမွန်ပါသည်။ ရာသီဥတုကောင်းမွန်ပြီး ရာသီပေါ်သီးနှံများ စိုက်ပျိုးဖြစ်ထွန်းနိုင်ပါသည်။ ကျေးရွာတွင် ရာဇဝတ်မှုခင်း

ဖြစ်ပွားမှု နည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည် ကူးသန်းရောင်းဝယ်မှုကို ချောမွေ့စေသည်။ ကျေးရွာတွင် မိုဘိုင်းဖုန်းဆက်သွယ်ရေးကို ဈေးကွက်နှင့် အခြားလူမှုဝန်ဆောင်မှုလုပ်ငန်းများအတွက် လက်လှမ်းမှီအသုံးပြုနိုင်ကြသည်။ ကျေးရွာတွင် အင်တာနက်သုံးစွဲသူ အသင့်အတင့်ရှိပါသည်။

(ခ) အဟန့်အတားနှင့် စိန်ခေါ်မှု

ကျေးရွာရှိယာမြေများမှာ မြေဆီလွှာ အသင့်အတင့်ကောင်းမွန်ပါသည်။ ချင်းတွင်းမြစ်ဘေး ဖြစ်သည့် အတွက် လယ်ယာမြေများမှာ အလွန်ကောင်းမွန်ပါသည်။

စိုက်ပျိုးသီးနှံထုတ်လုပ်မှုတွင် မိရိုးဖလာနည်းကိုသာ အသုံးပြုမှုများပြားပြီး သက်ဆိုင်ရာ ဌာနဖြင့် ချိတ်ဆက်မှုနည်းပါးသည်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အသေးစားကုန်ထုတ် လုပ်ငန်းများ လုပ်ကိုင်နိုင်ရန် သမဘာဏ်မှ အတိုးနှုန်းသက်သာစွာဖြင့် ချေးငွေရရှိသော်လည်း စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို နည်းပညာမရှိခြင်းနှင့် နေရာအခက်အခဲကြောင့် တိုးချဲ့လုပ်ကိုင်ရန် ခက်ခဲပါသည်။

ကိုးရှင်းကျွန်းကျေးရွာတွင် အိမ်တွင်းမှုထုတ်ကုန်လုပ်ငန်း မရှိသဖြင့် ကျေးရွာတွင် အလုပ်အကိုင်နှင့် ဝင်ငွေပုံမှန်ရရှိရေးအတွက် အကန့်အသတ်ရှိနေပါသည်။ အိမ်တွင်းမှု ကုန်ထုတ် လုပ်ငန်းအတွက် ကုန်ကြမ်း၊ အတတ်ပညာ၊ အသိပညာ အထိအတွေ့တို့ အလွန်အားနည်းပါသည်။

၆။ ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦစားပေးစီမံချက်များမှာ –

စဉ်	စီမံချက်အမည်	အကဲဖြတ် အမှတ် ပေးသူ(၁)	အကဲဖြတ် အမှတ် ပေးသူ(၂)	အကဲဖြတ် အမှတ် ပေးသူ(၃)	အကဲဖြတ် အမှတ် ပေးသူ(၄)	အကဲဖြတ် အမှတ် ပေးသူ(၅)	ရမှတ် ပေါင်း	ဦးစား ပေး အဆင့်
၁။	**ချောင်းကူးကွန်ကရစ်တံတား ဆောက်လုပ်ခြင်း၊**	၁၀	၉	၁၀	၁၀	၁၀	၄၉	၁
၂။	**ကျေးရွာလမ်းအဆင့်မြှင့်ပြု ပြင်ခြင်း။ (ပေ ၂၀၀၀ ခန့်)**	၉	၈	၈	၁၀	၁၀	၄၅	၂
၃။	စာကြည့်တိုက်တည်ဆောက် ခြင်း	၈	၈	၇	၁၀	၈	၄၁	၃
၄။	ဖူဆယ်ဘောလုံးကွင်းများ တည်ဆောက်ခြင်း။	၆	၈	၉	၉	၆	၃၈	၄
၅။	ဘဏ်များ၊ ငွေကြေး ဝန်ဆောင်မှု အဖွဲ့များနှင့် ချိတ်ဆက်ဆောင်ရွက် နိုင်ရန် စီစဉ်ခြင်း၊	၆	၈	၇	၇	၈	၃၆	၅
၆။	**သောက်သုံးရေကောင်းရရှိနိုင် သောအနက်အထိတူးဖော်ပြီး ရေတွင်းတူးခြင်း။**	၅	၈	၇	၇	၆	၃၃	၆
၇။	**(၃၇)အိမ်ထောင်စုအား ယင်လုံအိမ်သာစနစ်တကျသုံးစွဲ နိုင်ရေးနှင့် အိမ်သာဆောက် လုပ်ရေး။**	၆	၅	၇	၇	၆	၃၁	၇
၈။	မဟာဓာတ်အားလိုင်းမှလျှပ်စစ် သွယ်တန်းနိုင်ရန်ဆောင်ရွက် ခြင်း။ လျှပ်စစ်ရရှိပြီးသောနီးစပ်ရာကေ ျးရွာမှ လျှပ်စစ်သွယ် တန်းခြင်း။	၆	၅	၇	၆	၆	၃၁	၈

(ခ) အကောင်အထည်ဖော်မည့် အချိန်ကာလ

အောက်ပါဇယားတွင် လုပ်ငန်းစတင်ရန်၊ ပြီးဆုံးရန် ခန့်မှန်းဖော်ပြထားသည့် ဦးစားပေးစီမံချက်များ၏ အချိန်ဇယားကို ဖော်ပြထားပါသည်။ ဤအစီအစဉ်ကို နှစ်အလိုက် လိုအပ်သလို ဖြည့်စွက်ပြင်ဆင်ပြီး နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ရေးဆွဲရာတွင်လည်း ထည့်သွင်းပေးမည်-

စီမံချက်အမည်	**ဦးစား ပေး အဆင့်**	၂၀၁၈	၂၀၁၉	၂၀၂၀	၂၀၂၁	၂၀၂၂
ချောင်းကူးကွန်ကရစ်တံတား ဆောက်လုပ်ခြင်း၊	၁	√				
ကျေးရွာလမ်းအဆင့်မြှင့်ပြု ပြင်ခြင်း။ (ပေ ၂၀၀၀ ခန့်)	၂		√			
စာကြည့်တိုက်တည်ဆောက် ခြင်း	၃			√		
ဖူဆယ်ဘောလုံးကွင်းများ တည်ဆောက်ခြင်း။	၄				√	
ဘဏ်များ၊ ငွေကြေး ဝန်ဆောင်မှု အဖွဲ့များနှင့် ချိတ်ဆက်ဆောင်ရွက် နိုင်ရန် စီစဉ်ခြင်း၊	၅					√
သောက်သုံးရေကောင်းရရှိနိုင် သောအနက်အထိတူးဖော်ပြီး ရေတွင်းတူးခြင်း။	၆					√
(၃၇)အိမ်ထောင်စုအား ယင်လုံအိမ်သာစနစ်တကျသုံးစွဲ နိုင်ရေးနှင့် အိမ်သာဆောက် လုပ်ရေး။	၇					√
မဟာဓာတ်အားလိုင်းမှလျှပ်စစ်သွယ် တန်းနိုင်ရန်ဆောင်ရွက် ခြင်း။ လျှပ်စစ်ရရှိပြီးသောနီးစပ်ရာကျေးရွာမှ လျှပ်စစ်သွယ် တန်းခြင်း။	၈					√

ပုံစံ (၁)

စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ (Project profile)

ကျေးရွာ	– ကိုးရှင်းကျွန်း
ကျေးရွာအုပ်စု	– ကိုးရှင်းကျွန်း
မြို့နယ်	– မုံရွာ
တိုင်းဒေသကြီး / ပြည်နယ်	– စစ်ကိုင်းတိုင်း
စီမံချက်အမည် – ချောင်းကူးကွန်ကရစ်တံတားတည်ဆောက်ခြင်း (၁၂၀'×၁၃'–၆"×၁၀')	
စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ– - လက်ရှိချောင်းကူးတံတားသည် သစ်သားတံတားအသေးစားလေးသာ ဖြစ်ပါသည် ဆိုင်ကယ်တစ်စီးသွားလာရုံသာ ပြုလုပ်ထားပါသည်။ တံတားသည်ခိုင်ခံမှုမရှိဘဲ သွားလာရာတွင် အန္တရာယ်ဖြစ်စေနိုင်ပါသည်။ - မိုးရာသီ မြစ်ရေတက်ချိန်တွင် ချောင်းမှရေများပြည့်လျှံကာ သွားလာရခက်ခဲခြင်း၊ ဆိုင်ကယ်၊ ကားများ သွားလာရခက်ခဲခြင်း၊ ကုန်စည်ကူးသန်း ရောင်းဝယ်ရာတွင် သွားလာရခက်ခဲခြင်းနှင့် ကျေးရွာတွင်းရှိသော ကျောင်းသားကလေး ငယ်များ ပညာသင်ကြားရာတွင် သွားလာရခက်ခဲခြင်းတို့ ဖြစ်နေပါသည်။	
စီမံချက်ရည်ရွယ်ချက် (လက်ရှိအခြေအနေအား ပိုကောင်းအောင် ဆောင်ရွက်လိုသည့်ဆန္ဒ ဖော်ပြရန်) - တစ်နှစ်ပတ်လုံးသွားလာရလွယ်ကူချောမွေ့လာစေရန်	

- စိုက်ပျိုးသီးနှံများ ဈေးကွက်သို့ အလွယ်တကူတင်ပို့ရောင်းချနိုင်စေရန်
- ကျောင်းသား/ကျောင်းသူများ ပညာသင်ကြားရာတွင် အခက်အခဲမရှိ ပညာသင်ကြားနိုင်စေရန်

မျှော်မှန်း အကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက်/ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူးများ)

- လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာပြီး ရဟန်းရှင်ပြည်သူများသွားလာရာတွင် ဘေးအန္တရာယ်ကင်းရှင်းစွာသွားလာနိုင်ခြင်းဖြင့် ကျေးရွာလူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ပါသည်။

စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက်ပမာဏ လုပ်ရမည်)

- ချောင်းကူးကွန်ကရစ်တံတားတည်ဆောက်ခြင်း(၁၂၀'×၁၃'-၈"×၁၀')

လုပ်ငန်း ဆောင်ရွက် ပါမည်။

ခန့်မှန်းကုန်ကျငွေ ကျပ် (၄၀၆၉၀၀၀)

ကုန်ကျစရိတ်ထည့်ဝင်မှု

ခန့်မှန်းကုန်ကျစရိတ် (ကျပ်)	ထည့်ဝင်မည့်အစီအစဉ်
• ၁၀၀၀၀၀၀၀ (ငွေသား) • ၃၀၆၉၀၀၀၀ (ငွေသား) • xxxxxxxxxx (ပစ္စည်း/လုပ်အား)	• ကျေးလက်ဦးစီး • ကျေးရွာ • ကျေးရွာ

ကိုးရှင်းကျွန်းကျေးရွာ၊ ကိုးရှင်းကျွန်းကျေးရွာအုပ်စု၊ မုံရွာမြို့၊ နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး။

ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)

စဉ်	ပြဿနာ	အကြောင်းရင်း	အခြေအနေ ကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းမည့်နည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
၁	**ဘဏ်နှင့်ငွေကြေးဝန်ဆောင်မှု လုပ်ငန်း**					
	• စီးပွားရေး၊လူမှုရေးနှင့်အရေးပေါ်ကိစ္စများအတွက် ချေးငွေရရှိနိုင်မှု ခက်ခဲခြင်း	• အတိုးနှုန်းအနည်းငယ်မြင့်မားခြင်း။ • ဘဏ်များနှင့်အချိတ်အဆက်အား နည်းခြင်း။	• မုံရွာမြို့ပေါ်တွင် ပုဂ္ဂလိကနှင့်အစိုးရဘဏ်များရှိခြင်း။ • အသေးစားလုပ်ငန်းမှထွက်ရှိသောထွက်ကုန်များအား ရောင်းချရန်စျေးကွက်ရှိခြင်း။	• ချေးငွေရယူရေးလုပ်ထုံးလုပ်နည်း၊ စာရွက်စာတမ်းများနှင့် နားလည်သိကျွမ်းမှု အားနည်းခြင်း၊	• ပြင်ပငွေကြေးအဖွဲ့အစည်းများ၊ဘဏ်များ နှင့် ကျေးရွာရှိလုပ်ငန်း အခြေပြုအစုအဖွဲ့များချိတ်ဆက်နိုင်ရေး စီစဉ်ဆက်သွယ် တင်ပြခြင်း၊	▪ ဘဏ်များ၊ ငွေကြေးဝန်ဆောင်မှု အဖွဲ့များနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ရန် စီစဉ်ခြင်း၊ – ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ပြင်ပ ငွေကြေး အဖွဲ့ အစည်းများနှင့်အကျိုးတူ စီးပွား ရေးလုပ် ငန်းများ လုပ်ကိုင်နိုင်ရန် ဆောင်ရွက်ခြင်း။ – ပြင်ပအဖွဲ့အစည်းများမှ အတိုးနှုန်းသက်သာသောအရင်းအနှီးဆိုင်ရာချေးငွေများ ရရှိရန်ဆောင်ရွက်ခြင်း။

စဉ်	ပြဿနာ	အကြောင်းရင်း	အခြေအနေ ကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းမည့်နည်း လမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
၂	လမ်း၊ တံတား၊ လျှပ်စစ်၊ ရေ					

စဉ်	ပြဿနာ	အကြောင်းရင်း	အခြေအနေ ကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းမည့်နည်း လမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
	• **ချောင်းကူးတံတားပျက်စီးနေသောကြောင့်သွားလာရခက်ခဲခြင်း။**	• သစ်သားတံတားဖြစ်သောကြောင့်အိုမင်းပျက်စီးခြင်း။ • ရေတိုက်စားသောကြောင့် ဆွေးမြေ့ခြင်း။	• **ကျေးရွာမှလုပ်သားအင်အားထည့်ဝင် နိုင်ခြင်း။** • **လိုအပ်သောအကူအညီများ အားပြင်ပအဖွဲ့များနှင့်ချိတ်ဆက်ဆောင်ရွက်နိုင်ခြင်း။**	• ကျေးရွာရံပုံငွေ မလုံလောက်ခြင်း • တည်ဆောက်မည့်နည်းပညာအကူအညီလိုအပ်ခြင်း။	• **တစ်နှစ်ပတ်လုံးလွယ်ကူစွာသွားလာနိုင်သည့်တံတားတည်ဆောက်နိုင်ရန်ဆောင် ရွက်ခြင်း။**	• **ချောင်းကူးကွန်ကရစ်တံတားဆောက်လုပ်ခြင်း၊**
	• **ရာသီမရွေးသွားလာနိုင်ရန်လမ်းခက်ခဲ ခြင်း။**	• **လမ်းကျဉ်းမြောင်းခြင်း။** • **မြေသားလမ်းဖြစ်ခြင်း။** • **အနိမ့်အမြင့်မညီညာခြင်း။**	• **လမ်းနေရာအတွက်လယ်မြေအလှူရှင်များရှိခြင်း။**	• ကျေးရွာရံပုံငွေ မလုံလောက်ခြင်း • တည်ဆောက်မည့်နည်းပညာအကူအညီလိုအပ်ခြင်း။	• **တစ်နှစ်ပတ်လုံးလွယ်ကူစွာသွားလာနိုင်သည့်ကျေးရွာလမ်းဖော်ထုတ်ရန်။**	• **ကျေးရွာလမ်းအဆင့်မြှင့်ပြုပြင်ခြင်း။ (၀ေ ၂၀၀၀ ခန့်)**

စဉ်	ပြဿနာ	အကြောင်းရင်း	အခြေအနေ ကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းမည့်နည်း လမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
	• **(၃၇)အိမ်ထောင်စု အိမ်သာမရှိခြင်း**	• ကျန်းမာရေးဆိုင်ရာဗဟုသုတအားနည်းခြင်း။ • ယင်လုံအိမ်သာသုံးစွဲသည့်နည်းစနစ်မသိခြင်း။	• **ဆောက်လုပ်ရန်မြေနေရာရှိခြင်း။**	• ယင်လုံအိမ်သာသုံးစွဲသည့်နည်းစနစ်မသိ ခြင်း။ • အလေ့အထအားနည်းခြင်း။	• **ကျန်းမာစည်ပင်သောရွာလုံးကျွတ်ကျေးရွာအဖြစ်တည်ထောင်ခြင်း။**	• **ကျန်းမာရေးဆိုင်ရာပညာပေးဟောပြောပွဲများပြုလုပ်ပေးခြင်း။** • **စနစ်တကျလက်ဆေးခြင်းနှင့် တစ်ကိုယ်ရည်တစ်ကာယသန့်ရှင်းစင်ကြယ်အောင်နေထိုင်နည်းများ မျှဝေခြင်း။** • **အိမ်တိုင်းစေ့ယင်လုံအိမ်သာစနစ်တကျသုံးစွဲ နိုင်ရေးနှင့် အိမ်သာဆောက် လုပ်ရေး။**
	• **မိုးတွင်းမြစ်ရေကြီးချိန်သောက်သုံးရေအခက်အခဲရှိခြင်း။**	• လက်ရှိတွင်းများရှိသော်လည်းရေမကောင်းခြင်းနှင့် ရေငန်ခြင်း။ • ရေအရည်အသွေးစစ်းသပ်စစ်ဆေးမှုမရှိခဲ့ခြင်း။ • မြစ်ရေဝင်ခြင်း။	• **ရေတွင်းအသစ်တူးရန်မြေနေရာရှိခြင်း။**	• သောက်ရေတူးဖော်သွယ်တန်းမည့်နည်းစနစ်အားနည်းခြင်း။	• **ကျန်းမာရေးနှင့်ညီညွတ်သည့်သောက်သုံးရေရရှိအောင် ဆောင် ရွက်ခြင်း။**	• **သောက်သုံးရေကောင်းရရှိနိုင်သောအနက်အထိတူးဖော်ပြီး ရေတွင်းတူးခြင်း။** • **ရေစက်ရုံနှင့်အမြင့်တင်ရေစင်တည် ဆောက်ခြင်း။**

စဉ်	ပြဿနာ	အကြောင်းရင်း	အခြေအနေ ကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းမည့်နည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
	• **အသေးစားအိမ်တွင်းမှုစက်မှုလုပ်ငန်းများမလုပ်နိုင်ခြင်း။**	• လျှပ်စစ်မီးမရရှိခြင်း။	• မဟာဓာတ်အား လိုင်းနှင့် (၂) မိုင် ခန့် ဝေးကွာခြင်း။	• ကိုယ်ထူကိုယ်ထည်လျှပ်စစ်မီးမသွယ်တန်းနိုင်ခြင်း။	• **ကျေးရွာတွင်းအသေးစားစက်မှုလုပ်ငန်းများလုပ်ဆောင်နိုင်ရန်**	• မဟာဓာတ်အားလိုင်းမှလျှပ်စစ်သွယ်တန်းနိုင်ရန်ဆောင်ရွက် ခြင်း။ • လျှပ်စစ်ရရှိပြီးသောနီးစပ်ရာကျေးရွာမှ လျှပ်စစ်သွယ်တန်းခြင်း။
၃	**လူငယ်ဖွံ့ဖြိုးရေး**					
	• အားကစားလှုပ်ရှားမှု အားနည်းခြင်း။	• အင်တာနက်နှင့်ဂိမ်းကစားရန်အလွယ်တကူရရှိနေ ခြင်း။ • အားကစားပစ္စည်းများမရှိခြင်းနှင့်လက်လှမ်းမမှီခြင်း။	• **အားကစားပြုလုပ်ရန်စိတ်ဝင်စားသည့်လူငယ်များရှိ ခြင်း။**	• **မြေနေရာကျယ်ကျယ်ပြန့်ပြန့်မရှိခြင်း။**	• ကျန်းမာပျော်ရွှင်ဖွယ်ကောင်းသည့်ကျေးရွာပတ်ဝန်းကျင်အဖြစ်ဖန်တီးခြင်း။	• ဖူဆယ်ဘောလုံးကွင်းများတည်ဆောက်ခြင်း။ • ခြင်းကွင်းနှင့်ဘော်လီဘောကွင်းများတည်ဆောက်ခြင်း • ရပ်ရွာ အားကစားပွဲများတွင်ပါဝင်ခြင်း။
	• ကျေးရွာသူ၊သားများစာဖတ်မှုအားနည်းခြင်း။	• အလေ့အထပြုစုပျိုးေဝေင်မှုမရှိခဲ့ ခြင်း။ • စာအုပ်စာပေနှင့်အလှမ်းဝေးခြင်း။ • စာကြည့်တိုက်မရှိခြင်း။	• **စာကြည့်တိုက်နှင့် စာဖတ်အသင်းတည်ထောင်လိုသောရပ်ရွာလူကြီးများရှိခြင်း။**	• **ကိုယ်ထူကိုယ်ထည်မတည်မထူထောင်နိုင်ခြင်း။**	• စာအုပ်စာပေနှင့်ရင်းနှီးကျွမ်းဝင်သည့်ပတ်ဝန်းကျင်တစ်ခုဖြစ်ရန်ဖန်တီးတည်ထောင်ခြင်း။	• စာဖတ်ဝိုင်းများဖန်တီးခြင်း။ • စိတ်ဝင်စားဖွယ်ကောင်းသောစာပေဟောပြောပွဲများပြုလုပ်ခြင်း။ • စာကြည့်တိုက်တည်ဆောက်ခြင်းနှင့် • စာကြည့်တိုက်အားရေရှည်တည်တံ့အောင် ထိန်းသိမ်း

စဉ်	ပြဿနာ	အကြောင်းရင်း	အခြေအနေ ကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းမည့်နည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
						ခြင်းနည်းစနစ်များရရှိအောင်ဆောင်ရွက်ခြင်း။

ဒါန်းပင်တဲကျေးရွာအုပ်စု၊ ဒါန်းပင်တဲ(ရွာသစ်)ကျေးရွာ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း

ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

စဉ်	ကျေးရွာအုပ်စု	ကျေးရွာအမည်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	ပညာအရည်အချင်း	တာဝန်	ဖုန်းနံပါတ်
၁	ကိုးရှင်းကျွန်း	ကိုးရှင်းကျွန်း	ဦးကျော်လွင်	ဦးကျော်စိန်	၅/မရန(နိုင်)၀၀၁၃၅၅	၄၄	၉ တန်း	ဥက္ကဋ္ဌ	09-25012082
၂	ကိုးရှင်းကျွန်း	ကိုးရှင်းကျွန်း	ဦးစန်း	ဦးမောင်း	၅/မရန(နိုင်)၀၆၈၁၁၈	၆၀	B.A	အတွင်းရေးမှူး	09-763484677
၃	ကိုးရှင်းကျွန်း	ကိုးရှင်းကျွန်း	ဒေါ်လှလှခိုင်	ဦးကြိုင်	၅/မရန(နိုင်)၁၇၀၉၀၄	၅၄	၁၀ တန်း	စာရင်းကိုင်	09-440118199
၄	ကိုးရှင်းကျွန်း	ကိုးရှင်းကျွန်း	ဦးမိုးကျော်	ဦးလှဖေ	၅/မရန(နိုင်)၀၀၁၉၃	၃၇	၈ တန်း	ဘဏ္ဍာရေးမှူး	09-773210085
၅	ကိုးရှင်းကျွန်း	ကိုးရှင်းကျွန်း	ဦးတင်နိုင်ဝင်း	ဦးရွှေမန်း	၅/မရန(နိုင်)၁၇၇၂၅၅	၃၈	၁၀ တန်း	သေ့ကိုင်(၁)	09-259040291
၆	ကိုးရှင်းကျွန်း	ကိုးရှင်းကျွန်း	ဒေါ်ရီရီသန်း	ဦးကောင်းလှ	၅/မရန(နိုင်)၂၇၅၂၂၅	၂၃	၁၀ တန်း	သေ့ကိုင်(၂)	09-776863603
၇	ကိုးရှင်းကျွန်း	ကိုးရှင်းကျွန်း	ဒေါ်ခင်ညွန့်ရီ	ဦးဆန်းအောင်	၅/မရန(နိုင်)၂၇၅၂၁၇	၂၈	၆ တန်း	အဖွဲ့ဝင်	09-454175612

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၁	၂	၃
၁ နှစ်မှ ၄ နှစ်	၅ နှစ်အောက်ကလေးငယ်	၉	၁၅	၂၄
၅ နှစ်မှ ၉ နှစ်	မူလတန်းကျောင်းသားအရွယ်	၂၁	၂၂	၄၃
၁၀ နှစ်မှ ၁၄ နှစ်	အလယ်တန်းကျောင်းသားအရွယ်	၁၈	၂၀	၃၈
၁၅ နှစ်မှ ၆၄ နှစ်	အလုပ်လုပ်နိုင်သည့်အရွယ်	၁၇၂	၁၇၀	၃၄၂
၆၅ နှစ် နှင့် အထက်	သက်ကြီးရွယ်ကြီး	၁၄	၄၀	၅၄
စုစုပေါင်း		၂၃၅	၂၆၉	၅၀၄
စုစုပေါင်း အိမ်ထောင်စု				၁၂၄

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ အသက်အုပ်စု ၁ နှစ်အောက် ဆိုသည်မှာ မွေးကင်းစ မှ အသက် (၁) နှစ်မပြည့်မီ အရွယ်၊ ၁ နှစ်မှ ၄ နှစ် ဆိုသည်မှာ အသက် (၁) နှစ်ပြည့် အရွယ်မှ (၅) နှစ်မပြည့်မီ အရွယ်၊ ၅ နှစ်မှ ၉ နှစ် ဆိုသည်မှာ အသက် (၅) နှစ်ပြည့်သည်မှ အသက် (၁၀) နှစ်မပြည့်မီ အရွယ်၊ ၁၀နှစ်မှ ၁၄ နှစ်ဆိုသည်မှာ အသက် (၁၀) နှစ်ပြည့်သည်မှ အသက် (၁၅) နှစ်မပြည့်မီ အရွယ်၊ ၁၅ နှစ်မှ ၆၄နှစ် ဆိုသည်မှာ အသက် (၁၅)နှစ်ပြည့်သည်မှ အသက် (၆၅) နှစ်မပြည့်မီ အရွယ်၊ အသက် ၆၅နှစ်နှင့် အထက် ဆိုသည်မှာ အသက် (၆၅) နှစ်ပြည့် အရွယ်နှင့် ၎င်းထက် အသက်ကြီးသည့် အရွယ်များကို ဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် – ကိုးရှင်းကျွန်းကျေးရွာတွင် မိန်းကလေးဦးရေသည် ယောကျ်ားလေးဦးရေထက် များနေပါသည်။ တစ်အိမ်ထောင်စုပျမ်းမျှလူဦးရေနှုန်းမှာ (၄) နှုန်းခန့်ရှိပါသည်။ အလုပ်လုပ်နိုင်သော လူဦးရေများပြားသည်မှာ ကျေးရွာအတွက် အားတတ်စရာဖြစ်ပါသည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	**လယ်ယာစိုက်ပျိုးရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၉၅	၁၀၂	၃၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၅	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၂	**တိရစ္ဆာန် မွေးမြူရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၄	သစ်တောလုပ်ငန်း				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၆	**ထုတ်ကုန်လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၂၁	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၂၁	၂၁	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၁၁	**လက်လီ– လက်ကား ရောင်းဝယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၂	၁	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် လတ် နိမ့်
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် လတ် နိမ့်
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် လတ် နိမ့်
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် လတ် နိမ့်
၁၇	**ပညာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် လတ် နိမ့်
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် လတ် နိမ့်
၁၈	**ကျန်းမာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် လတ် နိမ့်
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် လတ် နိမ့်
၁၉	**လူမှုရေး လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် လတ် နိမ့်
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် လတ် နိမ့်
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား	၀	၀	၀	
၂	**ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် လတ် နိမ့်
	အလုပ်သမား / ဝန်ထမ်း	၁	၁	၀	မြင့် လတ် နိမ့်
	စုစုပေါင်း				☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် – ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းအဓိကလုပ်ကိုင်ကြပါသည်။ ကျေးရွာတွင် လက်ရှိအလုပ်လုပ်နေသော ဦးရေသည် ကျေးရွာ၏ အလုပ်လုပ်နိုင်သောလူဦးရေ၏ ၅၈% သာ အလုပ်လုပ်ကြပါသည်။

(ခ–၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၆၀၀၀	၃၀၀၀	၀	၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား	၀	၀	၀	၀
၃	ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း)	နေ့စား	၀	၀	၀	၀
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များထုတ်လုပ်ခြင်း	နေ့စား	၀	၀	၀	၀
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား	၀	၀	၀	၀
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၇၅၀၀	၄၅၀၀	၆၀၀၀	၄၀၀၀
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်း များ ပြင်ဆင်ရေး	နေ့စား	၀	၀	၀	၀
၈	လက်လီ–လက်ကား ရောင်းဝယ်ရေး	နေ့စား	၀	၀	၀	၀
၉	ကွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်)	နေ့စား	၀	၀	၀	၀
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း	နေ့စား	၀	၀	၀	၀

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက် (၁) **လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)**

(၂) **နာရီတွက်ဖြင့်ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)**

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် –

(ဂ) သဘာဝရင်းမြစ်များ

(ဂ–၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဧယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်)		
လယ်မြေ	၁၁.၅၀	ကောင်း ☐	သင့် ☐	ညံ့ ☐
ယာမြေ / တောင်ယာမြေ	၂၅၃.၀၀	ကောင်း ☐	သင့် ☐	ညံ့ ☐
ဥယျာဉ်ခြံမြေ	၀.၅၀	ကောင်း ☐	သင့် ☐	ညံ့ ☐
ကိုင်း / ကျွန်းမြေ	၃၅.၅၀	ကောင်း ☐	သင့် ☐	ညံ့ ☐
ခနိတောမြေ	၀.၀၀	ကောင်း ☐	သင့် ☐	ညံ့ ☐
စားကျက်မြေ	၀.၀၀	ကောင်း ☐	သင့် ☐	ညံ့ ☐
မြေလွတ် မြေလပ်	၀.၀၀	ကောင်း ☐	သင့် ☐	ညံ့ ☐
စုစုပေါင်း	၃၀၀.၅	☒		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုး ကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် – ကျေးရွာရှိစိုက်ပျိုးမြေများသည် မြေစိသြဇောကောင်းပါသည်။ ယခုနှစ်တွင် မိုးများကာ ပေါင်းမြက်ထူပြီးရှင်းလင်းခဲ့ခြင်းနှင့် ရှင်းရမဲ့အချိန်တွင် မရှင်းနိုင်ခြင်းများ ဖြစ်နေပါသည်။

(၈-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။)	များ ☐ သင့် ☐ နည်း ☐ မရှိ ☐	လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☐
ကျောက်၊ သဲ၊ ကျောက်စရစ်စသည်များ	များ ☐ သင့် ☐ နည်း ☐ မရှိ ☐	လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☐
သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ ☐ သင့် ☐ နည်း ☐ မရှိ ☐	လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☐
သဘာဝ တိရစ္ဆာန်မျိုးစိတ်များ	များ ☐ သင့် ☐ နည်း ☐ မရှိ ☐	☒

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် – ကျေးရွာအနီးတွင် သဲ၊ကျောက်များ ထွက်ရှိသောကြောင့် အလွယ်တကူရရှိပါသည်။ ကိုင်းကျွန်းမြေများမှ နွားစာများကို လွယ်ကူစွာရရှိပါသည်။

(ဃ) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	အလွန်နည်း (သို့) မရှိ
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့် ကောင်း	ညံ့	အလွန်ညံ့
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ
အဓိကစီးပွားရေး လုပ်ငန်း	စီးပွား (ဝင်ငွေ) အလွန်ကောင်း	စီးပွား (ဝင်ငွေ) အသင့်အတင့်	စီးပွား (ဝင်ငွေ) နည်း	စီးပွား (ဝင်ငွေ) အလွန်နည်း
အိမ်ထောင်စု	၁၅	၄၇	၅၇	၅

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် – ကျေးရွာတွင် အလယ်အလတ်ရှိသော အိမ်ထောင်စုနှင့် မပြေလည်သောအိမ်ထောင်စု များပါသည်။

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာ ဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စု အရေ အတွက်	ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
၃ လအောက် ဝမ်းစာဖူလုံမှု	၀	အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၀ လုပ်အားခကြိုယူ = ၀
၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု	၀	အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၀ လုပ်အားခကြိုယူ = ၀
၆ လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု	၀	အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၀ လုပ်အားခကြိုယူ = ၀

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် – ကျေးရွာတွင် ဆင်းရဲပြီးအစားလျော့စားရသော အိမ်ထောင်စုများမရှိပါ။

(c-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက်	၀	၀	၀
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်	၀	၀	၀
	အိမ်ထောင်စု အရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု	၂၄		
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု	၀		
အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု	၀		

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် – ကျေးရွာတွင် အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုများသည် ကျေးရွာအိမ်ခြေ၏ ၅ပုံ၁ပုံ ခန့်လောက်ရှိပါသည်။

(၄-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဧယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား(အခြေအနေ)	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁	စားနပ်ရိက္ခာ မဖူလုံမှု	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ)	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐
၃	ရေကြီးခြင်း	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐
၄	မိုးခေါင်ခြင်း	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐
၅	အအေးလွန်ကဲခြင်း	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐
၆	မုန်တိုင်း	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐
၇	ငလျင်	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐
၈	မီးဘေး	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐
၉	ဆားငန်ရေဝင်မြေ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐
၁၁	သစ်တောပြုန်းတီးခြင်း	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐
၁၂	ငှက်ဖျားရောဂါ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐
၁၃	တီဘီရောဂါ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐
၁၅	ပြည်တွင်း ပဋိပက္ခ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐
၁၇	လူကုန်ကူးခြင်း	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐
၁၈	ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည်	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ။ ထိခိုက်သက်ရောက်လွယ်မှုဆိုရာ၌ ကျေးရွာတွင် စားနပ်ရိက္ခာမဖူလုံခြင်း၊ ရေကြီးခြင်း၊ မိုးခေါင်ခြင်းစသည့်အခြေအနေများ ဖြစ်ပေါ်ခြင်းရှိပါက ယင်းဖြစ်စဉ်များအတွက် ကျေးရွာသူရွာသားများ ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက ကျေးရွာ၏ မည်သို့သော အိမ်ထောင်စုများနှင့် အိမ်ထောင်စုမည်မျှ ထိခိုက်သက်ရောက်မှု ခံစားကြရပါသလဲ။ (ဥပမာ။ ။

အိမ်ထောင်စု ၁၀၀ တွင် ၂၅ အိမ်ထောင်စု အောက် - နိမ့်

အိမ်ထောင်စု ၁၀၀ တွင် ၂၅ မှ ၅၀ အိမ်ထောင်စု - လတ်

အိမ်ထောင်စု ၁၀၀ တွင် ၅၀ အိမ်ထောင်စု အထက် - မြင့်)

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် - ကျေးရွာသည် ချင်းတွင်းမြစ်အနီးနားတွင်တည်ရှိသောကြောင့် ၄ နှစ်တစ်ကြိမ် မြစ်ရေတက်ချိန်တွင် ကျေးရွာထဲတွင် ရေများဝင်ရောက်ပါသည်။ ကျေးရွာသည် ကျွန်းမြေနိမ့်ပိုင်းတွင် တည်ရှိပါသည်။ရေတစ်ခါဝင်လျှင် နှစ်လလောက် ကြာမြင့်ပါသည်။ ရေဝင်ချိန်တွင် ကျေးရွာထဲရှိလူများ အလုပ်မလုပ်ကြပါ။ ကျေးရွာရှိစာသင်ကျောင်းပိတ်ထားရပါသည်။ အိမ်အမြင့်တစ်နေရာတွင် နေထိုင်ကြပါသည်။ ကျေးရွာလူထုအနေဖြင့် ၄င်းရေဝင်ခြင်းကိစ္စအား ဖြေရှင်းမည့်နည်းလမ်းများ မရှိကြပါ။' ဖြစ်နေကြပါပဲ ကိုယ်တစ်ဦးတစ်ယောက်အိမ်ထဲတွင်သာရေဝင်တာမဟုတ်ပဲ တစ်ရွာလုံးအိမ်တိုင်းရေဝင်သောကြောင့် ' ကျေးရွာနှင့်ကျေးရွာလူထုအတွက် အခက်အခဲ မဟုတ်ဟု ယူဆထားကြပါသည်။

(၄-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဧယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁	လူငယ်	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐
၂	အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐
၃	မြေယာမဲ့၊ ဆင်းရဲသားတောင်သူ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐
၄	သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐
၅	မြစ်ကမ်းဘေး နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐
၆	မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP)	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐
၈	မြေနိမ့်ပိုင်း နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐
၉	ငါးကန်ပိုင်ရှင်များ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐
၁၀	လက်လုပ်လက်စားများ၊ ကျပန်းများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐
၁၁	လူနည်းစုလူမျိုးများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐
၁၂	ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐
၁၃	နယ်စပ်ဒေသတွင် နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐
၁၄	ရွှေတွင်းလုပ်သားများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐
၁၅	ဆေးစွဲသူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁၆	ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐
၁၇	လှည့်လည်သွားလာ၍ ဈေးရောင်းသူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐
၁၈	နေရပ်ပြန် အခြေချသူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐
၁၉	ရွှေ့ပြောင်းလုပ်သားများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐
၂၀	ကားမောင်းပြီး အသက်မွေးသူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ။ ကျေးရွာရှိ လူငယ်များ၊ အမျိုးသမီးဦးဆောင်သောအိမ်ထောင်စုများ စသည်တို့သည် မည်သို့သောအခြေအနေများတွင် လွယ်လွယ်ကူကူ ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက မည်မျှအထိ ထိခိုက်ကြပါသနည်း။

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် – ကျေးရွာသည် ချင်းတွင်းမြစ်အနီးနားတွင် တည်ရှိသောကြောင့် မြစ်ရေတက်ချိန်တွင် ကျေးရွာထဲသို့ရေများဝင်ရောက်သည့် သဘာဝဘေးဒဏ်ကို ၄ နှစ် တစ်ကြိမ်လောက် ကြုံတွေ့နေရပါသည်။

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
၁	ရပ်မိရပ်ဖအဖွဲ့	၁ ☐ ၂ ☐ ၃ ☐	၃	၀	၃	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☐ ညံ့ ☐
၂	ဝေယျာဝစ္စအဖွဲ့	၁ ☐ ၂ ☐ ၃ ☐	၁၅	၁၅	၃၀	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☐ ညံ့ ☐
၃	ဂေါပကအဖွဲ့	၁ ☐ ၂ ☐ ၃ ☐	၀	၁၀	၁၀	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐	ကောင်း ☐ သင့် ☐ ညံ့ ☐

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
						သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့် ကာကွယ်ရေး □	
၄	မီးသတ်အဖွဲ့	၁ □ ၂ □ ၃ □	၈	၀	၈	ပညာရေး □ ငွေကြေး □ ကျန်းမာရေး □ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့် ကာကွယ်ရေး □	ကောင်း □ သင့် □ ညံ့ □
၅	မီးလင်းရေးအဖွဲ့	၁ □ ၂ □ ၃ □	၅	၀	၅	ပညာရေး □ ငွေကြေး □ ကျန်းမာရေး □ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့် ကာကွယ်ရေး □	ကောင်း □ သင့် □ ညံ့ □
၆	လမ်းတံတားကော်မတီအဖွဲ့	၁ □ ၂ □ ၃ □	၁၅	၀	၁၅	ပညာရေး □ ငွေကြေး □ ကျန်းမာရေး □ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့် ကာကွယ်ရေး □	ကောင်း □ သင့် □ ညံ့ □
၇	လူငယ်အဖွဲ့	၁ □	၁၅	၁၅	၃၀	ပညာရေး □ ငွေကြေး □	ကောင်း □

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
		၂ □ ၃ □				ကျန်းမာရေး □ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့် ကာကွယ်ရေး □	သင့် □ သည့် □

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု– လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ – ဥပမာ – အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် – ကျေးရွာတွင် ရာသီဘုရားပွဲများတွင် ကျေးရွာရှိအဖွဲ့များသည် အတူတကွ ပူးပေါင်းလုပ်ဆောင်ကြပါသည်။

(က–၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်း အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၁	PROXIMITY	၁ □ ၂ □ ၃ □ ၄ □ ၅ □ ၆ □ ၇ □	ပညာရေး □ ငွေကြေး □ ကျန်းမာရေး □ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □

စဉ်	အမည်	အဖွဲ့အစည်း အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
